


**ဥက္ကဋ္ဌ ဒီရက်တာ အက်ဖ် ဥခ္ဒေါ့မှ**
ပထမဥက္ကဋ္ဌအဖွဲ့၏ဒုတိယအတိုင်ပင်ခံ

# စုံလင်သောမေတ္တာသည် ကြောက်ရွံ့ခြင်းသံဝေဂကို ပယ်ရှား၏။

*ကျွန်တော်တို့ရဲ့ကြောက်ရွံ့ခြင်းများကိုဘေးဖယ်ပြီး ဘုရားသခင်သည်ကျွန်တော်တို့နှင့်အတူရှိသည်ဟု ရဲရင့်သောယုံကြည်ချက်နှင့် မျှော်လင့်ခြင်း၊ နှိမ့်ချခြင်း၊ ဝမ်းမြောက်ခြင်းဖြင့်အသက်ရှင်ကြစို့။*

ဘုရားသခင်နှင့်သူ၏သားသမီးများအတွက် ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းနှင့်ချစ်ခြင်း၌ ကမ္ဘာတစ်ဝှမ်းအသင်းတော်၏စုပေါင်းခြင်းအဖြစ်တွေ့ဆုံရတာ အခွင့်ထူးတစ်ရပ်ဖြစ်ပြီး ဝမ်းမြောက်ဖို့ကောင်းတယ်။

ကျွန်တော်တို့ရဲ့ချစ်ရသော ပုရောဖက် သောမက်စ်အက်(စ်)မွန်ဆွန်ရှိနေခြင်းအတွက် ကျွန်တော်အထူးကျေးဇူးတော်ချီးမွမ်းပါတယ်။ ဥက္ကဋ္ဌခင်ဗျား ကျွန်တော်တို့ သင့်ရဲ့ဉာဏ်ပညာ၊ အကြံဉာဏ်နှင့် လမ်းညွှန်စကားများကိုနှလုံးသားထဲအစဉ်အမြဲယူဆောင်ပါ့မယ်။ ဥက္ကဋ္ဌမွန်ဆွန် ကျွန်တော်တို့သင့်ကိုချစ်ပြီးသင့်အတွက်အမြဲဆုတောင်းပေးပါတယ်။

လွန်ခဲ့သောနှစ်များစွာက ဂျာမနီ၊ ဖရန်ဖာတ်မှာ မြို့နယ်ဥက္ကဋ္ဌအဖြစ်ကျွန်တော်ထမ်းဆောင်နေတဲ့အခါ ကျွန်တော်တို့ရဲ့မြို့နယ်အစည်းအဝေးတစ်ခုအပြီးမှာ ချစ်စရာကောင်းသော သို့သော်မပျော်ရွှင်သော ညီအစ်မတစ်ယောက်ကျွန်တော်ဆီလာတယ်။

"မဆိုးရွားလွန်းဘူးလား" သူမကပြောတယ်။ "သင်ဟောပြောနေတဲ့အချိန်မှာ လူလေးငါးယောက်လောက်အိပ်ပျော်သံထွက်ခဲ့တယ်။"

ကျွန်တော်ခဏလောက်စဉ်းစားပြီးပြန်ဖြေခဲ့တယ်။ "အသင်းတော်မှာအိပ်စက်ခြင်းက အိပ်စက်ခြင်းအားလုံးရဲ့ ကျန်းမာရေးအကောင်းဆုံးထဲကတစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်သေချာပြောနိုင်တယ်။"

ကျွန်တော့်ရဲ့အုံ့ဖွယ်ကောင်းတဲ့ဇနီး ဟဲရီးယက်က ထိုအမှတ်မထင်အပြန်အလှန်ပြောတာကို အမှတ်မဲ့ကြားခဲ့ပြီးနောက်ပိုင်းမှာ ဒါဟာကျွန်တော်ပေးခဲ့တဲ့အကောင်းဆုံးအဖြေတွေထဲက တစ်ခုဖြစ်တယ်လို့ပြောခဲ့တယ်။

## ကြီးစွာသောနိုးကြားမှု

မြောက်အမေရိကမှာ လွန်ခဲ့သောနှစ်ရာပေါင်းများစွာက "ကြီးစွာသောနိုးကြားမှု"လို့ခေါ်တဲ့ လှုပ်ရှားမှုတစ်ခုက ကျေးလက်ဒေသတစ်လျောက်ပျံ့နှံ့ခဲ့တယ်။ ၎င်း၏အဓိကရည်ရွယ်ချက်များထဲက တစ်ခုကတော့ ဝိညာဉ်ရေးကိစ္စတွေမှာ အိပ်ပျော်နေပုံပေါ်နေတဲ့သူများကိုနိုးကြားစေရန်ဖြစ်တယ်။

ထိုဘာသာရေးနိုးကြားမှုမှာပါဝင်တဲ့ တရားဟောဆရာများထံမှသူကြားခဲ့ရတဲ့အရာများက လူငယ်လေးဂျိုးဇက်စမစ်ကိုလွှမ်းမိုးခဲ့တယ်။ ဒါဟာသူ့ကိုတစ်ကိုယ်တည်းဆုတောင်းပြီး ဘုရားသခင်ရဲ့အလိုတော်ကိုစိတ်အားထက်သန်စွာရှာဖွေဖို့ဆုံးဖြတ်ခဲ့ရတဲ့ အကြောင်းပြချက်များထဲက တစ်ခုဖြစ်တယ်။

ဒီတရားဟောဆရာများမှာ အပြစ်သားများအားအသင့်စောင့်ဆိုင်းနေတဲ့ မီးတောက်နေသောကြောက်မက်ဖွယ်ငရဲအပေါ် အလေးပေးထားတဲ့ ဒေသနာတော်များဖြင့် ပြဇာတ်ဆန်ဆန်၊ စိတ်ခံစားမှုအလိုက်တရားဟောတဲ့သွင်ပြင်ရှိတယ်။ [1] သူတို့ရဲ့ဟောကြားမှုများက လူတွေကို အိပ်မငိုက်စေဘူး။ သို့သော် သူတို့က အိမ်မက်ဆိုးများကိုဖြစ်စေနိုင်တယ်။ သူတို့ရဲ့ရည်ရွယ်ချက်နှင့် ပုံစံကအသင်းတော်ရှိသူများကိုကြောက်လန့်စေပုံပေါ်တယ်။

## ကြိုးကိုင်ခြယ်လှယ်ခြင်းနည်းတူကြောက်ရွံ့ခြင်း

သမိုင်းအရ လူတွေကိုခိုင်းစေရန်နည်းလမ်းများအဖြစ် ကြောက်ရွံ့ခြင်းကို မကြာခဏအသုံးပြုတယ်။ မိဘများကသူတို့ရဲ့သားသမီးများဖြင့်၊ အလုပ်ရှင်များကအလုပ်သမားများဖြင့်၊ နိုင်ငံရေးသမားများက မဲပေးသူများဖြင့်အသုံးပြုခဲ့ကြတယ်။

ဈေးကွက်တွင်ကျွမ်းကျင်သူများက ကြောက်ရွံ့ခြင်းရဲ့စွမ်းအားကိုနားလည်ပြီး မကြာခဏအသုံးပြုတယ်။ ဒါကြောင့်အချို့ကြော်ငြာများမှာ အကယ်၍သူတို့ရဲ့ မနက်စာကွေကာအုပ်ကိုမဝယ်ရင် ဒါမှမဟုတ် အသစ်ထွက်တဲ့ဗီဒီယိုဂိမ်း သို့မဟုတ် လက်ကိုင်ဖုန်း ကိုလက်လွှတ်လိုက်ရရင် ကျွန်တော်တို့ စိတ်ဆင်းရဲစရာကောင်းတဲ့ဘဝမှာအထီးကျန်ရာယ်ဖြင့်အသက်ရှင်သွားရပြီး ပျော်ရွှင်မှုမရှိဘဲတစ်ကိုယ်တည်း သေဆုံးသွားမယ်လို့ သွယ်ဝိုက်ပြောထားတဲ့စကားကိုတွေ့ရတယ်။

ကျွန်တော်တို့ဒါကိုပြုံးပြီး ကျွန်တော်တို့ ဒီလိုကြိုးကိုင်ခြယ်လှယ်ခြင်းမှာဘယ်တော့မှ ကျရှုံးမှာမဟုတ်ဘူးလို့ထင်ကြတယ်။ ဒါပေမယ့် တစ်ခါတစ်ရံကျွန်တော်တို့ပြုလုပ်ကြပါတယ်။ ပိုဆိုးတာကတော့ ကျွန်တော်တို့လုပ်စေချင်တာကို သူတစ်ပါးလုပ်စေဖို့

အလားတူနည်းလမ်းတွေကို တစ်ခါတစ်ရံ ကျွန်တော်တို့အသုံးပြုကြတယ်။

ဒီနေ့ကျွန်တော့်ရဲ့သတင်းစကားမှာရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ ကျွန်တော်တို့အပါအဝင် အခြားသူများကို တွန်းအားပေးရန် ကျွန်တော်တို့အသုံးပြုတဲ့ ကြောက်ရွံ့ခြင်းပမာဏကို စဉ်းစားဆင်ခြင်ပြီး ချင့်ချိန်ရန် ကျွန်တော်တို့ကိုတိုက်တွန်းဖို့ဖြစ်တယ်။

**ကြောက်ရွံ့ခြင်းနှင့်ပြဿနာ**

ပထမဦးစွာ ကြောက်ရွံ့ခြင်းနှင့်ပြဿနာအကြောင်းကိုပြောကြရအောင်။ တကယ်တော့လည်း ကျွန်တော်တို့ထဲကဘယ်သူကများ ကြောက်တဲ့အတွက် ပိုမိုကောင်းမွန်တာစားဖို့၊ ထိုင်ခုံခါးပတ်ကိုဝတ်ဖို့၊ လေ့ကျင့်ခန်းများများလုပ်ဖို့၊ ပိုက်ဆံစုဖို့ သို့မဟုတ် အပြစ်မှနောင်တရဖို့ အကျပ်ကိုင်ခြင်းမခံရဘူးလဲ။

ကြောက်ရွံ့ခြင်းက ကျွန်တော်တို့ရဲ့လုပ်ရပ်နှင့်အပြုအမူအပေါ် တန်ခိုးကြီးတဲ့လွှမ်းမိုးမှုရှိနိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ထိုလွှမ်းမိုးမှုကယာယီအပေါ်ယံမျှသာဖြစ်တယ်။ ကြောက်ရွံ့ခြင်းက ကျွန်တော်တို့ရဲ့နှလုံးသားများကိုပြောင်းလဲစေတဲ့စွမ်းအားရှိပြီး ၎င်းကကျွန်တော်တို့ကို ကောင်းကင်ဘုံရှင်အဖကိုနာခံချင်သောသူများနှင့် အမှန်တရားကိုမြတ်နိုးသူများအဖြစ်ဘယ်တော့မှ အသွင်ပြောင်းလဲပေးမှာမဟုတ်ပါဘူး။

ကြောက်ရွံ့သောသူများကအမှန်တရားကိုပြောဆိုပြုလုပ်ကောင်းလုပ်လိမ့်မယ် ဒါပေမယ့် အမှန်တရားကိုသူတို့မခံစားရဘူး။ သူတို့မကြာခဏ အကူအညီမဲ့ခြင်းခံစားရပြီး ခံပြင်းကာ ဒေါသတောင်ထွက်ကြတယ်။ နောက်ဆုံးတော့ ထိုခံစားချက်များက အယုံအကြည်မဲ့ခြင်း၊ အာခံခြင်း နှင့် ပုန်ကန်ခြင်းကိုတောင်ဖြစ်စေတယ်။

ကံဆိုးချင်တော့ ထိုဆုံးဖြတ်ချက်လွဲမှားမှုကဘဝမှာဝင်လာပြီး လောကီကမ္ဘာမှာ ဦးဆောင်မှုကိုကန့်သတ်ခြင်းမရှိတော့ပေ။ သူတို့ရဲ့အိမ်မှာဖြစ်စေ၊ သူတို့ရဲ့အသင်းတော်တာဝန်များမှာဖြစ်စေ၊ အလုပ်မှာဖြစ်စေ၊ သို့မဟုတ် အခြားသူများနှင့် သူတို့ရဲ့နေ့စဉ်တုံ့ပြန်မှုများမှာ မရိုးသားတဲ့အာဏာကိုကျင့်သုံးနေတဲ့အသင်းသားများအကြောင်း ကြားရတာကျွန်တော့်ကိုပူဆွေးသောကဖြစ်စေတယ်။

မကြာခဏ လူတွေက အခြားသူတွေအပေါ်အနိုင်ကျင့်ခြင်းကိုပြစ်တင်ရှုတ်ချကောင်းရှုတ်ချမယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင်မှာအဲ့ဒီအရာရှိတာကိုမမြင်နိုင်ကြသေးဘူး။ သူတို့ရဲ့ကိုယ်ပိုင် တစ်ဖက်သတ်စည်းကမ်းမူဝါဒများဖြင့် လိုက်လျောအလျော့ပေးဖို့ တောင်းဆိုကြတယ်။ သို့သော် အခြားသူများက ထိုကြုံရာစည်းကမ်းမူဝါဒများကို မလိုက်လျောက်တဲ့အခါ သူတို့ကို နှုတ်ဖြင့်၊ စိတ်ခံစားမှုဖြင့်၊ တစ်ခါတစ်ရံ ကိုယ်ထိလက်ရောက်အထိ ဆုံးမကြတယ်။

"လူသားများ၏ ဝိညာဉ်အပေါ် မည်သည့်မရိုးသားမှုနှင့်မဆို မလုပ်မနေရစေ့ဆော်ခြင်း၊ သို့မဟုတ် အာဏာ သို့မဟုတ် ချုပ်ကိုင်ခြင်းကို ကျွန်တော်တို့ကျင့်သုံးတဲ့အခါ ကောင်းကင်ဘုံသည် ကိုယ်တိုင်ရုတ်သိမ်းပြီး ဘုရားသခင်၏ဝိညာဉ်တော်ကို ပူဆွေးသောကဖြစ်စေသည်။"၂ လို့ဘုရားသခင်ကပြောခဲ့တယ်။

သူတို့ရဲ့ရည်ရွယ်ကကောင်းတဲ့ရလဒ်ရရှိဖို့ဖြစ်နေသ၍ မည်သည့်လုပ်ရပ်မဆို လက်ခံနိုင်တယ်ဆိုတာကို ယုံခြင်းကြောင့် ကျွန်တော်တို့ရဲ့လုပ်ရပ်များဖြင့် မှန်ကန်ကြောင်းပြဖို့ ကျွန်တော်တို့ကို ဖျားယောင်းခြင်းခံရတဲ့အချိန်များရှိကောင်းရှိမယ်။ ချုပ်ကိုင်ခြင်း၊ ခြယ်လှယ်ခြင်းနှင့် ခက်ထန်ကြမ်းတမ်းခြင်းက အခြားသူများကောင်းစေဖို့ဖြစ်တယ်လို့တောင် ကျွန်တော်တို့ထင်မိတယ်။ ဒါဟာမမှန်ကန်ပါဘူး။ "ဝိညာဉ်ပကတိ၏အကျိုးမှုကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။"၃ လို့ဘုရားသခင်ကရှင်းလင်းစွာပြောခဲ့ပါတယ်။

**ပိုကောင်းသောနည်းလမ်း**

ကျွန်တော်ရဲ့ကောင်းကင်ဘုံရှင်အဖကိုပိုသိကျွမ်းလာလေလေ သူ့ရဲ့သားသမီးတွေကို သူဘယ်လိုဦးဆောင်ပြီး စိတ်တက်ကြွမှုကိုဖြစ်စေလဲဆိုတာကို ကျွန်တော်မြင်လေလေဖြစ်တယ်။ သူဟာဒေါသမဖြစ်ပါ။ ရန်ငြိုးမထားပါ။ လက်စားချေခြင်းမရှိပါ။၄ သူ့ရဲ့ရည်ရွယ်ချက်က သူ့ရဲ့အလုပ်နှင့်ဘုန်းတော်ဖြစ်တဲ့ ကျွန်တော်တို့ကိုလမ်းပြဖို့၊ ချီးမြှောက်ဖို့နှင့် သူ့ရဲ့ပြည့်စုံခြင်းသို့ ကျွန်တော်တို့ကို ဦးဆောင်ဖို့ဖြစ်တယ်။

မောရှေကိုဘုရားသခင်ကသူကိုယ်တိုင်သည် "ချစ်သနားခြင်းမေတ္တာဂရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော"၆ သူအဖြစ်ဖော်ပြခဲ့တယ်။

ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်တော်တို့အဖရဲ့သူ၏သားသမီး ကျွန်တော်တို့အပေါ်ထားတဲ့ မေတ္တာက ကျွန်တော်တို့ရဲ့အစွမ်းဖြင့်နားလည်ဖို့ ထက်သာလွန်ပါတယ်။၇

ဒါဟာသူ့ရဲ့အမိန့်များအားဖီဆန်တဲ့အပြုအမူများကို ဘုရားသခင်က အပြစ်မယူဘဲ ခွင့်လွှတ်တယ်လို့ဆိုလိုတာလား။ လုံးဝမဟုတ်ပါဘူး။

သို့သော်ကျွန်တော်တို့ရဲ့အပြုအမူများထက်ပိုပြီးပြောင်းလဲဖို့ သူအလိုရှိတယ်။ ကျွန်တော်တို့ရဲ့ဇာတိ အပြည့်အဝပြောင်းလဲဖို့ သူအလိုရှိတယ်။ ကျွန်တော်တို့ရဲ့နှလုံးသားများ ပြောင်းလဲဖို့ သူအလိုရှိတယ်။

ကျွန်တော်တို့သံတိုင်ကိုလက်လှမ်းပြီး ခိုင်မြဲစွာကိုင်စွဲဖို့၊ ကျွန်တော်တို့ရဲ့ကြောက်ရွံ့ခြင်းများကို ထိပ်တိုက်ရင်ဆိုင်ဖို့နှင့် ရဲရင့်စွာရှေ့သို့လှမ်းကာ ကျဉ်းမြောင်းပြီးဖြောင့်သောလမ်းတစ်လျှောက် အထက်သို့တက်ဖို့ သူအလိုရှိတယ်။ သူကျွန်တော်တို့ကိုချစ်သောကြောင့်၊ ဒါဟာပျော်ရွှင်ခြင်းသို့ သွားရာလမ်းဖြစ်သောကြောင့် ဒါကို သူအလိုရှိတယ်။

ဒီလိုဆိုရင် ကျွန်တော်တို့ခေတ်မှာ ဘုရားသခင်ကသူ့ရဲ့သားသမီးများကိုသူ့နောက်တော်လိုက်ရန် ဘယ်လိုတွန်းအားပေးလဲ။

သူဟာသူ့ရဲ့သားတော်ကိုစေလွှတ်ခဲ့တယ်။

ဘုရားသခင်က ကျွန်တော်တို့ကိုမှန်ကန်တဲ့နည်းလမ်းပြသဖို့ သူ၏တစ်ပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်ကိုစေလွှတ်ခဲ့တယ်။

ဘုရားသခင်က ဆွဲဆောင်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် စစ်မှန်သောချစ်ခြင်းမေတ္တာအားဖြင့် တွန်းအားပေးတယ်။၈ ဘုရားသခင်က ကျွန်တော်တို့ဘက်မှာရှိတယ်။ သူကျွန်တော်တို့ကိုချစ်ပြီး ကျွန်တော်တို့လဲကျတဲ့အခါ ပြန်ထပြီး နောက်တစ်ကြိမ်ကြိုးစားကာ ပို၍သန်မာလာဖို့ သူအလိုရှိတယ်။

သူဟာကျွန်တော်တို့ရဲ့ဆရာတစ်ဆူဖြစ်တယ်။

သူဟာကြီးမြတ်ပြီးမြတ်နိုးရတဲ့မျှော်လင့်ချက်ဖြစ်တယ်။

သူဟာကျွန်တော်တို့ကိုယုံကြည်ခြင်းဖြင့်နိုးကြားဖို့ဆန္ဒရှိတယ်။

ကျွန်တော်တို့ရဲ့အမှားများမှသင်ယူပြီး မှန်ကန်တဲ့ရွေးချယ်မှုများပြုလုပ်ဖို့ ကျွန်တော်တို့ကိုသူယုံကြည်စိတ်ချတယ်။

ဒါဟာပိုကောင်းတဲ့နည်းလမ်းဖြစ်တယ်။၉

**လောကရဲ့ဆိုးယုတ်ခြင်းများကဘာလဲ။**
ကျွန်တော်တို့အခြားသူတွေကိုကြိုးကိုင်ချယ်လှယ်ဖို့
စာတန်ဖြစ်စေချင်တဲ့နည်းလမ်းများထဲက တစ်ခုကတော့
လောကရှိဆိုးယုတ်ခြင်းကိုပုံကြီးချဲ့ကာထိုအပေါ်ရှင်သန်နေထိုင်ခြင်းဖြစ်တယ်။

သေချာတာကတော့ကျွန်တော်တို့ရဲ့ကမ္ဘာဟာမပြည့်စုံခဲ့သလိုပဲ
အဲ့ဒီလိုပဲဆက်ရှိနေမှာဖြစ်တယ်။
လူသားတွေရဲ့လူသားမဆန်မှုနှင့်သဘာဝ၏အခြေအနေများကြောင့်အပြစ်မဲ့သူအများအပြား နာကျင်ခံစားရတယ်။

သို့သော် ထိုအရာများဖြစ်လင့်ကစား
ကမ္ဘာ့သမိုင်းရှိအခြားမည်သည့်အချိန်နှင့်မှ ဒီအချိန်မှာနေရခြင်းကို
ကျွန်တော်လဲလှယ်လိမ့်မှာမဟုတ်ပါဘူး။ မတူညီသောကြွယ်ဝမှု၊
အသိဉာဏ်အမြော်အမြင်နှင့် အကျိုးအမြတ်ရှိသောနေ့ရက်တွင်
နေထိုင်ရတာ ကျွန်တော်တို့အတိုင်းထက်အလွန်
ကောင်းကြီးခံစားရတယ်။ အဓိကအားဖြင့်
လောကရဲ့ဘေးအန္တရာယ်များအပေါ်ကျွန်တော်တို့ကို ပြိုင်ဘက်ကင်းတဲ့
ရှုထောင့်ပေးပြီး ထိုဘေးအန္တရာယ်များကိုဘယ်လိုဖြေရှင်းရမလဲ သို့မဟုတ်
ဘယ်လိုရှောင်ရှားရမလဲ ဆိုတာကိုပြသတဲ့
ယေရှုခရစ်တော်၏ပြည့်စုံသောဧဝံဂေလိတရားရှိတဲ့အတွက် ကျွန်တော်တို့
ကောင်းကြီးခံစားရတယ်။

ကျွန်တော်ထိုကောင်းကြီးများကိုစဉ်းစားတဲ့အခါ သားသမီးအားလုံးအပေါ်
သူ့ရဲ့အဆုံးမရှိတဲ့ မေတ္တာအတွက် ကောင်းကင်ဘုံရှင်အဖကို
ကျွန်တော်ဒူးထောက်ပြီး ချီးမွမ်းချင်တယ်။

သူ့ရဲ့သားသမီးများလောကရဲ့ဆိုးယုတ်ခြင်းများထဲမှာနေထိုင်ပြီးကြောက်ရွံ့နေဖို့ ဘုရားသခင်ကအလိုရှိမယ်လို့ ကျွန်တော်မယုံကြည်ပါဘူး။
"အကြောင်းမူကား၊ ဘုရားသခင်သည်ကြောက်တတ်သော
စိတ်သဘောကိုငါတို့အား ပေးတော်မူသည်မဟုတ်၊ တန်ခိုးပါသောစိတ်၊
ရှင်းလင်းသောစိတ်သဘောကိုပေးတော်မူ၏။"၁၀

မြောက်များစွာသော ဝမ်းမြောက်စရာအကြောင်းများကို
ကျွန်တော်တို့အားသူပေးခဲ့ပြီဖြစ်တယ်။ ကျွန်တော်တို့
ထိုအရာများကိုရှာဖွေပြီး သိမှတ်ဖို့ပဲလိုအပ်တယ်။ "မကြောက်"ဖို့၊
"ဝမ်းမြောက်ခြင်းရှိ"ဖို့၁၁ နှင့် "သိုးစုငယ်၊မကြောက်ကြ"ဖို့၁၂
ဘုရားသခင်က ကျွန်တော်တို့ကိုမကြာခဏသတိပေးတယ်။

**ကျွန်တော်တို့ရဲ့စစ်ပွဲများကိုဘုရားသခင်တိုက်လိမ့်မည်။**
ညီအစ်ကိုမောင်နှမများခင်ဗျား
ကျွန်တော်တို့ဟာဘုရားသခင်၏"သိုးစုငယ်"ဖြစ်တယ်။ ကျွန်တော်တို့ဟာ
နောက်ဆုံးသောကာလ၏သူတော်စင်များဖြစ်ကြတယ်။
ကယ်တင်ရှင်ပြန်ကြွလာခြင်းကိုမျှော်လင့်ရန်နှင့်
သူ့ကိုလက်ခံဖို့ကျွန်တော်တို့ကိုယ်တိုင်နှင့်လောကကိုပြင်ဆင်ရန်
ကျွန်တော်တို့ရဲ့အမည်နာမမှာစွဲမြဲစွာ ဝန်ခံထားတယ်။
ဒါကြောင့်ဘုရားသခင်ကိုအစေခံပြီး
ကျွန်တော်တို့၏မိတ်ဆွေများကိုချစ်ကြပါစို့။ အခြားဘာသာရေးနှင့်
အဖွဲ့အစည်းများကိုဘယ်တော့မှအထင်မသေးဘဲ ပင်ကိုယ်ယုံကြည်မှု၊
နှိမ့်ချမှုဖြင့် လုပ်ဆောင်ကြပါစို့။ ညီအစ်ကိုမောင်နှမများခင်ဗျား
"လူသားကြွလာမည့်နိမိတ်လက္ခဏာများနှင့်
အချိန်ကာလ၏လက္ခဏာများကိုသိ"၁၃ နိုင်ရန်
ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုလေ့လာခြင်း၊
ဝိညာဉ်တော်၏အသံတော်ကိုနားစွင့်ခြင်းဖြင့်
ကျွန်တော်တို့ကိုအားဖြည့်စေတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ
လောကရဲ့စိန်ခေါ်ခြင်းများနှင့်ပတ်သက်ပြီးအသိမဲ့သူများမဟုတ်သလို
ကျွန်တော်တို့ကာလရဲ့ခက်ခဲမှုများကိုမသိသူများမဟုတ်ကြပါဘူး။ သို့သော်
တည်မြဲတဲ့ကြောက်ရွံ့ခြင်းဖြင့်
အခြားသူများနှင့်ကျွန်တော်တို့ကိုယ်ကိုဝန်ထမ်းသင့်တယ်လို့
ဆိုလိုတာမဟုတ်ပါဘူး။
ကျွန်တော်တို့ရဲ့အလွန်ကြီးတဲ့စိန်ခေါ်ခြင်းများအပေါ်နေထိုင်နေမည့်အစား
ယေရှုခရစ်တော်ပြန်ကြွလာခြင်းအားဝမ်းမြောက်သောစိတ်ဖြင့်ပြင်ဆင်ပြီး
သူ့ကိုစိတ်ချယုံကြည်ကာ အဆုံးမရှိတဲ့မြင့်မြတ်ခြင်း၊ ကောင်းမြတ်ခြင်းနှင့်
ကျွန်တော်တို့ဘုရား၏အကြွင်းမဲ့တန်ခိုးတော်အား
အာရုံစိုက်ဖို့ပိုမကောင်းပေဘူးလား။

သူ၏ပဋိညာဉ်ပြုသူများအနေဖြင့်
အဆိုးဖြစ်လာမည်စိုး၍ကြောက်ရွံ့ခြင်းဖြင့်လုပ်ဆောင်ဖို့မလိုအပ်ဘူး။
ထိုကဲ့သို့ပြုမည့်အစား လာမည့်အခွင့်အရေးများနှင့်
စိန်ခေါ်မှုများကိုချဉ်းကပ်ရာတွင် ဘုရားသခင်၌ စိတ်ချယုံကြည်မှု၊
ဆုံးဖြတ်ချက်၊ ရဲစွမ်းသတ္တိ၊ နှင့် ယုံကြည်ခြင်းဖြင့်ကျွန်တော်တို့
ရှေ့သို့လျှောက်လှမ်းနိုင်တယ်။၁၄

တပည့်တော်ဖြစ်လမ်းတော်၌ကျွန်တော်တို့တစ်ယောက်တည်းမလျှောက်ပါဘူး။ "ထာဝရဘုရားသည်သင်တို့၏ဘုရားသခင်ဖြစ်၍
သင်တို့နှင့်အတူကိုယ်တိုင်ကြွတော်မူမည်။ သင်တို့ကိုစွန့်တော်မမူ၊
ပစ်ထားတော်မမူ။"၁၅

"သင်တို့ဘက်၌ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။
သင်တို့သည်ငြိမ်ဝပ်စွာနေရကြမည်။"၁၆

ကြောက်ရွံ့တဲ့မျက်နှာမှာ ကျွန်တော်တို့ရဲ့ ရဲစွမ်းသတ္တိရှာဖွေကာ၊
ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းကို အားခဲပြီး
"သင့်တစ်ဘက်၌လုပ်သောလက်နက်တစ်စုံတစ်ခုမျှအထမမြောက်ရ။"၁၇
ဂတိတော်တွင် ယုံကြည်ချက်ရှိကြပါစို့။

ကျွန်တော်တို့
အန္တရာယ်များနှင့်ရုန်းရင်းခတ်နေသည့်အချိန်တွင်အသက်ရှင်နေပါသလား။
သေချာပေါက်တာပေါ့။

"သင်တို့သည်လောက၌ဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်။
သို့သော်လည်းမစိုးရိမ်ကြနှင့်။ ငါသည်လောကကိုအောင်ပြီ။"၁၈
လို့ဘုရားသခင်ကိုယ်တိုင်ကပြောခဲ့တယ်။

ကျွန်တော်တို့ ယုံကြည်ရန်နှင့်လျော်ညီစွာပြုမူဖို့
ယုံကြည်ခြင်းကိုကျင့်သုံးနိုင်ပါသလား။ ကျွန်တော်တို့
မှန်မြတ်သောပဋိညာဉ်များနှင့်
ကတိကဝတ်များအတိုင်းနေထိုင်နိုင်ပါသလား။ ကျွန်တော်တို့
စိန်ခေါ်မှုရှိသောအခြေနေများမှာတောင်မှ
ဘုရားသခင်၏ပညတ်တော်များကိုထိန်းသိမ်းနိုင်ပါသလား။
ကျွန်တော်တို့သေချာပေါက်လုပ်နိုင်ပါတယ်။

"သင်သည်ဖြောင့်မတ်ခြင်းသို့လိုက်လျှင်
သင့်ကောင်းမှုအတွက်အရာအားလုံးသည်
အတူတကွလုပ်ဆောင်လိမ့်မည်။"၁၉
လို့ဘုရားသခင်ကကတိပေးထားသောကြောင့်
ကျွန်တော်တို့လုပ်နိုင်ပါတယ်။ ဒါကြောင့်
ကျွန်တော်တို့ရဲ့ကြောက်ရွံ့ခြင်းများကိုဘေးဖယ်ပြီး ဝမ်းမြောက်ခြင်း၊
နှိမ့်ချခြင်း၊ မျှော်လင့်ခြင်းများနှင့်
ဘုရားသခင်ကျွန်တော်တို့နှင့်အတူရှိသည်ဟူသော
ရဲရင့်တဲ့ယုံကြည်ခြင်းဖြင့်အသက်ရှင်ကြပါစို့။

**စုံလင်သောမေတ္တာသည်ကြောက်ရွံ့ခြင်းသံဝေဂကိုပယ်ရှား၏။**
ချစ်ရသောမိတ်ဆွေများ၊ ခရစ်တော်၌ညီအစ်ကိုမောင်နှမများခင်ဗျား
ကျွန်တော်တို့ကိုယ်ကို ကြောက်ရွံ့ခြင်း သို့မဟုတ်
စိုးရိမ်ကြောင့်ကြမှုမှာအသက်ရှင်နေတယ်လို့တွေ့ရှိလျှင် သို့မဟုတ်
ကျွန်တော်တို့ရဲ့စကား၊ စိတ်သဘောထား သို့မဟုတ် လုပ်ရပ်များက
အခြားသူများကို ကြောက်ရွံ့ခြင်းဖြစ်စေတာကိုတွေ့ရှိလျှင်
"စုံလင်သောမေတ္တာသည်ကြောက်ရွံ့ခြင်းသံဝေဂကို ပယ်ရှား၏။"၂၀
ဖြစ်တဲ့အတွက် ခရစ်တော်၏ဖြူစင်သောမေတ္တာဖြစ်သည့်
ဘုရားသခင်ပေးအပ်ထားတဲ့ ကြောက်ရွံ့ခြင်းဖြေဆေးအားဖြင့်
ထိုကြောက်ရွံ့ခြင်းမှကျွန်တော်တို့ လွတ်မြောက်ပါစေလို့
ကျွန်တော်ရဲ့ဝိညာဉ်ခွန်အားအပြည့်ဖြင့် ကျွန်တော်ဆုတောင်းပါတယ်။

ခရစ်တော်၏စုံလင်သောမေတ္တာသည် ဘေးအန္တရာယ်ပြုရန်၊
အဓမ္မခိုင်းစေရန်၊ အနိုင်ကျင့်ရန် သို့မဟုတ် ဖိနှိပ်ရန်
ဖြားယောင်းသွေးဆောင်ခြင်းများကိုအောင်မြင်တယ်။

ကျွန်တော်တို့ချစ်သောကယ်တင်ရှင်၏နောက်လိုက်များအဖြစ်
ရဲရင့်တဲ့ယုံကြည်ချက်၊ ဂုဏ်သိက္ခာနှင့် နိမ့်ချခြင်းဖြင့်လျှောက်လှမ်းရန်
ခရစ်တော်၏စုံလင်သောမေတ္တာသည် ကျွန်တော်တို့ကိုခွင့်ပြုတယ်။
ခရစ်တော်၏စုံလင်သောမေတ္တာသည် သားတော်ယေရှုခရစ်တော်နှင့်
ကောင်းကင်ဘုံရှင်အဖ၏ ကောင်းမြတ်မှုနှင့် တန်ခိုးတော်၌
ကျွန်တော်တို့ရဲ့အပြည့်အဝစိတ်ချယုံကြည်မှုကိုထားရှိပြီး
ကျွန်တော်တို့ကြောက်ရွံ့ခြင်းရှိသော်လည်းဆက်လက်လုပ်ဆောင်ဖို့
ကျွန်တော်တို့ကိုယုံကြည်ချက်ပေးတယ်။

ကျွန်တော်တို့ရဲ့အိမ်များ၊ ကျွန်တော်တို့ရဲ့လုပ်ငန်းခွင်များ၊
ကျွန်တော်တို့ရဲ့အသင်းတော်တာဝန်များ၊ ကျွန်တော်တို့ရဲ့နှလုံးသားများမှာ
ကြောက်ရွံ့ခြင်းကိုခရစ်တော်၏စုံလင်သောမေတ္တာဖြင့် အစားထိုးကြပါစို့။
ခရစ်တော်၏မေတ္တာသည် ကြောက်ရွံ့ခြင်းကိုယုံကြည်ခြင်းဖြင့်
အစားထိုးလိမ့်မည်။

သူ့ရဲ့မေတ္တာသည် ကျွန်တော်တို့ကို
ကျွန်တော်တို့ရဲ့ကောင်းကင်ဘုံရှင်အဖ၏ကောင်းမြတ်ခြင်း၊
သူ၏မြင့်မြတ်သောအကြံအစည်တော်၊ သူ၏ဇာဝဂေလိတရားနှင့်
သူ၏ပညတ်တော်များ၌ ယုံကြည်ခြင်းရှိဖို့နှင့် စိတ်ချယုံကြည်ပြီး
သိမှတ်စေလိမ့်မယ်။၂၁ ဘုရားသခင်နှင့် လူသားများကို ချစ်ခြင်းက
ဘုရားသခင်၏ပညတ်တော်များအပေါ်ကျွန်တော်တို့ရဲ့နာခံမှုကို
ဝန်ထုပ်အစား ကောင်းကြီးတစ်ခုအဖြစ်ပြောင်းပေးလိမ့်မယ်။
ခရစ်တော်၏မေတ္တာသည် ကျွန်တော်တို့ကိုအနည်းငယ် ပိုကြင်နာကာ
ပိုခွင့်လွှတ်၊ ပိုဂရုစိုက်ပြီး သူ၏အမှုတော်အတွက်ပိုနှစ်မြုပ်ဖို့
ကျွန်တော်တို့ကို ကူညီလိမ့်မယ်။

ကျွန်တော်တို့နှလုံးသားများကိုခရစ်တော်၏မေတ္တာဖြင့်ဖြည့်တဲ့အခါ
ကျွန်တော်တို့ကို ပြန်လည်မွေးမံထားတဲ့
ဝိညာဉ်ရေးရာဆန်းသစ်မှုဖြင့်နိုးကြားစေပြီး
ကျွန်တော်တို့ချစ်သောကယ်တင်ရှင်
ယေရှုခရစ်တော်၏ဘုန်းတော်နှင့်အလင်းမှာအသက်ရှင်၊ နိုးထကာ
ဝမ်းမြောက်စွာ၊ ယုံကြည်မှုရှိစွာ လျှောက်လှမ်းလိမ့်မယ်။

တမန်တော်ယောဟန်နှင့်အတူကျွန်တော်သက်သေခံပါတယ်။
"ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့်မပေါင်းနိုင်ရာ။"၂၂
ညီအစ်ကိုမောင်နှမများနှင့် ချစ်ရသောမိတ်ဆွေများခင်ဗျား
ဘုရားသခင်ကသင်တို့ကိုပြီးပြည့်စုံစွာသိရှိပါတယ်။
ဘုရားသခင်ကသင်တို့ကိုပြီးပြည့်စုံစွာချစ်ပါတယ်။ သင်ရဲ့အနာဂတ်ကို
ချုပ်ကိုင်ထားတဲ့အရာကိုသူသိပါတယ်။ သူကသင့်ကို "မကြောက်ကြနှင့်။
ယုံကြည်ခြင်းစိတ်တစ်ခုသာရှိစေလော့။"၂၃
"သူ၏(ပြည့်စုံသော)မေတ္တာ၌တည်နေ။"၂၄ ဖို့အလိုရှိတယ်။
ဒါဟာယေရှုခရစ်တော်၏နာမတော်၌
ကျွန်တော့်ရဲ့ဆုတောင်းချက်နှင့်ကောင်းကြီးဖြစ်ပါတယ်။ အာမင်။

**မှတ်ချက်များ**

၁။ ဂျော့ ဝိုက်ဖီးဒ် နှင့် ဂျောနသန် အတ်ဝါ့ဒ် တို့ဟာ
ထိုကဲ့သို့ထင်ရှားသောသာကေရှိသည့်
တရားဟောဆရာနှစ်ဦးဖြစ်ကြတယ်။

၂။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၂၁း ၃၇

၃။ ဂလာတိသြဝါဒစာ ၅း ၂၂-၂၃

၄။ တစ်ခုသောအခါသမယမှာ
ကယ်တင်ရှင်ဟာရှမာရိလူမျိုးများရွာကိုဝင်ရောက်ဖို့အလိုရှိခဲ့တယ်။
သို့သော် လူများကယေရှုကိုငြင်းပယ်ပြီး သူတို့ရဲ့ရွာထဲဝင်ဖို့လက်မခံခဲ့ဘူး။
တမန်တော်များထဲကနှစ်ယောက်က ဒီအရာအပေါ်အလွန်မကျေနပ်ကာ
"သခင်၊ အကျွန်ုပ်တို့သည်ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို
လောင်စေခြင်းငှာအလိုရှိတော်မူသလော"ဟု ယေရှုကိုမေးခဲ့တယ်။
ယေရှုက "သင်တို့သည် ကိုယ်စိတ်သဘောကိုကိုယ်မသိကြ။
လူသားသည်လူတို့၏အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။
ကယ်တင်အံ့သောငှာကြွလာသည်။"ဟု သတိပေးပြီးပြန်ဖြေခဲ့တယ်။
(ရှင်လုကာခရစ်ဝင် ၉း၅၁-၅၆၊ New King James Version [1982])

၅။ မောရှေ ၁း၃၉ ကိုကြည့်ပါ။ ဖေက်သြဝါဒစာ ၃း၁၉ ကိုလည်းကြည့်ပါ။

၆။ ထွက်မြောက်ရာကျမ်း ၃၄း၆

၇။ ဖေက်သြဝါဒစာ ၃း၁၉ ကိုကြည့်ပါ။

၈။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၂၁း ၄၁ ကိုကြည့်ပါ။
သေချာတာကတော့ ဘုရားသခင်ကသူရဲ့
သခင်ရသားသမီးများဖြစ်တဲ့ကျွန်တော်တို့ကို အချင်းချင်းထိုနည်းတူပြုမူဖို့
ကျွန်တော်တို့ကို မျှော်လင့်တယ်ဆိုရင်
သီလဖြူစင်မှုအပေါင်းကိုပိုင်ဆိုင်ထားတဲ့ပြည့်စုံသောအရှင်က
ထိုအပြုအမူအတွက် စံနမူနာကောင်းဖြစ်ခဲ့လိမ့်မယ်။

၉။ ကောင်းကင်၌ကမ္ဘာမတည်မီ အကြီးကောင်စီက
ဘုရားသခင်၏စရိုက်လက္ခဏာကို သရုပ်ပြသည့်
အကောင်းဆုံးဖြစ်ရပ်လေ့လာမှုတစ်ခုဖြစ်တယ်။ ထိုတွင်
ကျွန်တော်တို့ရဲ့ကောင်းကင်ဘုံရှင်အဖက
ကျွန်တော်တို့ထာဝရတိုးတက်ဖို့အတွက်သူ၏အကြံအစည်တော်ကိုတင်ပြ
ခဲ့တယ်။ ထိုအကြံအစည်တော်၏ အဓိကအချက်များမှာ
ကိုယ်ပိုင်ရွေးချယ်မှု၊ နာခံမှုနှင့် ခရစ်တော်၏ အပြစ်ဖြေခြင်းအားဖြင့်
ကယ်တင်ခြင်း ပါဝင်တယ်။ သို့သော်လည်း လူစီဖာကကွဲပြားတဲ့အဆို
တင်ခဲ့တယ်။ သူကအားလုံးနာခံပြီး တစ်ယောက်မျှမဆုံးရှုံးရဘူးလို့
အာမခံခဲ့တယ်။ ထိုအရာကိုပြီးမြောက်ဖို့
တစ်ခုတည်းသောနည်းလမ်းကတော့ နိုင်လိုမင်းထက်ပြုမူခြင်းနှင့်
အတင်းအကျပ်ခိုင်းစေခြင်း အားဖြင့်သာဖြစ်တယ်။
သို့သော်ကျွန်တော်တို့ရဲ့ချစ်ရသော ကောင်းကင်ဘုံရှင်အဖက
ကျွန်တော်တို့ မှန်ကန်စွာသင်ယူရန်အတွက် ဒီနည်းလမ်းအတိုင်း
ခွင့်မပြုခဲ့ပါဘူး။ ဒါကြောင့် သူဟာကယ်တင်ရှင်တစ်ယောက်ကိုပေးခဲ့ပြီး
သူ့ရဲ့ထာဝရစွန့်လွှတ်ပူဇော်မှုက ကျွန်တော်တို့ရဲ့
အပြစ်များမှသန့်ရှင်းစေနိုင်ကာ ဘုရားသခင်၏ နိုင်ငံတော်သို့
ပြန်လည်ဝင်ရောက်ဖို့ ခွင့်ပြုတယ်။

ကောင်းကင်ဘုံရှိကျွန်တော်တို့ရဲ့အဖကသူ့ရဲ့ချစ်လှစွာသောသားသမီးမ
ျားအား လူစီဖာဖြားယောင်းသွေးဆောင်နေတာကိုမြင်တဲ့အခါ
သူ့ရဲ့အကြံအစည်တော်ကို လိုက်လျှောက်ဖို့
သူတို့ကိုသူတွန်းအားပေးခဲ့သလား။
ဆိုးရွားတဲ့ရွေးချယ်မှုကိုပြုလုပ်တဲ့သူများကိုသူခြောက်လှန့်၊

ခြိမ်းခြောက်ခဲ့သလား။ မဟုတ်ပါဘူး။
ကျွန်တော်တို့ရဲ့တန်ခိုးအလုံးစုံကြီးမြတ်တဲ့ဘုရားသခင်က
ထိုပုန်ကန်ခြင်းကိုသေချာပေါက်ရပ်တန့်စေနိုင်ပါတယ်။
လက်မခံသူများအပေါ် သူ့ရဲ့အလိုတော်အတိုင်း တွန်းအားပေးပြီး
လိုက်နာစေနိုင်ပါတယ်။ သို့သော် ထိုသို့လုပ်မည့်အစား
သူ့ရဲ့သားသမီးများကို သူတို့ကိုယ်ပိုင်ရွေးချယ်ရန်ခွင့်ပြုခဲ့တယ်။

၁၀။ တိမောသေဩဝါဒစာ ဒုတိယစာစောင် ၁း၇

၁၁။ ယောရှု ၁း၉၊ ဟေရှာယ ၄၁း၁၃၊ လုကာ ၁၂း၃၂၊ ယောဟန် ၁၆း၃၃၊ ၁ ပေတရု ၃း၁၄၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၆း၃၆၊ ၅၀း၄၁၊ ၆၁း၃၆၊ ၇၈း၁၈ ကိုနမူနာအဖြစ်ကြည့်ပါ။

၁၂။ လုကာ ၁၂း၃၂

၁၃။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၆၈း ၁၁

၁၄။
မောရှေလက်ထက်ကလူများအားပေးခဲ့သောအကြံဉာဏ်ကိုယနေ့တိုင်အသုံးပြုရသည်။ "မစိုးရိမ်ကြနှင့်။ ....
ထာဝရဘုရားသည်ယနေ့ပြတော်မူသောကယ်တင်ခြင်းကိုကြည့်ရှုကြလော့။" (ထွက်မြောက်ရာကျမ်း ၁၄း၁၃၊ New King James Version)

၁၆။ ထွက်မြောက်ရာကျမ်း ၁၄း၁၄၊ New King James Version.

၁၇။ ဟေရှာယ ၅၄း၁၇

၁၈။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၃၃

၁၉။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၉၀း၂၄၊
ကောရိန္သုဩဝါဒစာဒုတိယစောင် ၂း၁၄ ကိုလည်းကြည့်ပါ။

ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၀၅း၁၄

၂၀။ ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၄း၁၈

၂၁။ ကယ်တင်ရှင်က
"ဤလောကသို့အပြစ်စီရင်ခြင်းငှာလာသည်မဟုတ်၊ လောကီသားတို့သည် ကိုယ်တော်အားဖြင့်
ကယ်တင်ခြင်းသို့ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။"
(ရှင်ယောဟန်ခရစ်ဝင် ၃း၁၇) ကိုကျွန်တော်တို့သတိရကြရအောင်။
တကယ်တော့ "လူသားများသူ့ထံတော်သို့လာရန်
သူ၏အသက်ကိုတောင်စွန့်လွှတ်ပြီး သူသည်လောကကိုချစ်သောကြောင့်
လောက၏အကျိုးအတွက်ကလွဲလို့သူဘာမှမလုပ်ဆောင်ပါ။" (၂ နီဖိုင်း ၂၆း၂၄)

၂၂။ ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၄း၁၈၊
ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၄း၁၆ ကိုလည်းကြည့်ပါ။

၂၃။ ရှင်မာကုခရစ်ဝင် ၅း၃၆


၂၄။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၀

## ကျွန်တော်တို့ကာလအတွက်သင်ကြားခြင်းများ

မေလ ၂၀၁၇မှ အောက်တိုဘာလ ၂၀၁၇အထိ စတုတ္ထမြောက်အပတ် တနင်္ဂနွေနေ့များတွင် မာလေခိဇေဒက်ယဇ်ပုရောဟိတ်နှင့် ဂရုဏာအသင်းသင်ခန်းစာများကို ဧပြီလ ၂၀၁၇ အထွေထွေညီလာခံမှ ဟောကြားချက်တစ်ခု သို့မဟုတ် ဟောကြားချက်များမှပြင်ဆင်ပါသည်။ အောက်တိုဘာလ ၂၀၁၇တွင် ဟောကြားချက်များကို ဧပြီလ သို့မဟုတ် အောက်တိုဘာလ အထွေထွေညီလာခံမှရွေးချယ်ပါမည်။ မြို့နယ်နှင့်ခရိုင်ဥက္ကဋ္ဌများသည် သူတို့၏ဒေသများတွင် မည်သည့်ဟောကြားချက်များကို အသုံးပြုမည်ကိုရွေးချယ်သည်။ သို့မဟုတ် ထိုတာဝန်ကို သင်းအုပ်များနှင့် သင်းတော်ခွဲဥက္ကဋ္ဌများအား လွှဲအပ်နိုင်သည်။

ဟောကြားချက်များကိုဘာသာစကားများစွာဖြင့် Conference.lds.org တွင်ရရှိနိုင်သည်။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၅ ၀၀၀ အားဘာသာပြန်ထားခြင်း။



ဥက္ကဋ္ဌသောမက်စ်အက်(စ်)မွန်ဆွန်မှ

# မာမွန်ကျမ်း၏တန်ခိုးတော်

*ကျွန်တော်တို့အယောက်စီတိုင်းမာမွန်ကျမ်းကိုဆုတောင်းခြင်းဖြင့်လေ့လာပြီး နေ့စဉ်တွေးတောဆင်ခြင်ဖို့ ကျွန်တော်အနူးအညွှတ်တောင်းပန်ပါတယ်။*

ချစ်ရသောညီအစ်ကိုမောင်နှမများခင်ဗျား ယေရှုခရစ်တော်၏နောက်ပိုင်းကာလ သူတော်စင်များအသင်းတော်၏ ကြီးမြတ်တဲ့ ထွေထွေညီလာခံမှာကျွန်တော်တို့ ပြန်လည်တွေ့ဆုံကြတဲ့အတွက် အလွန်နွေးထွေးစွာသင်တို့ကို ကျွန်တော်နှုတ်ခွန်းဆက်ပါတယ်။ ယနေ့ကျွန်တော့်ရဲ့သမာရိုးကျသတင်းကောင်းကိုမစတင်ခင်မှာ အောက်ပါနေရာဒေသများတွင် တည်ဆောက်မည့် ဗိမာန်တော်အသစ်ငါးခုကိုကြေညာချင်ပါတယ်။ ဘရာဇီးမှ ဘရာစီးလီယာ၊ ဖိလစ်ပိုင်မှမနီလာမြို့တော်ကြီး၊ ကန်ညာမှနိုင်လိုဘီ၊ အမေရိကန်အိုင်ဒါဟိုမှ ပိုကတယ်လို နှင့် အမေရိကန်ယုတမှ စေရာတိုဂါ စပရင်းစ် တို့ဖြစ်တယ်။

ဒီမနက်မှာ မာမွန်ကျမ်း၏တန်ခိုးတော်အကြောင်းနှင့် ကျွန်တော်တို့ရဲ့ဘဝမှာ ၎င်း၏သင်ကြားချက်များကို လေ့လာ၊ တွေးတောဆင်ခြင်ပြီး လိုက်နာရန် ဒီအသင်းတော်၏ အသင်းသားများအဖြစ် ကျွန်တော်တို့မှာရှိတဲ့ အရေးကြီးသောလိုအပ်ချက်များကို ကျွန်တော်ပြောပါမယ်။ မာမွန်ကျမ်း၏ခိုင်မာ၍ သေချာတဲ့ သက်သေခံချက်ရှိခြင်း၏အရေးပါမှုကိုချဲ့ထွင်ဖော်ပြမနိုင်ပါဘူး။

ကျွန်တော်တို့ဟာ ကြီးမားသောဒုက္ခနှင့်ဆိုးသွမ်းမှုကာလတွင်နေထိုင်ကြတယ်။ ယနေ့လောကတွင် အလွန်ပျံ့နှံ့နေသော အပြစ်နှင့်ဆိုးယုတ်ခြင်းမှမည်သည့်အရာကကျွန်တော်တို့ကို ကာကွယ်ပေးမည်နည်း။  ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်ယေရှုခရစ်တော်၏ခိုင်မာတဲ့သက်သေခံချက်နှင့် သူ၏ဧဝံဂေလိတရားတော်က လုံခြုံခြင်းသို့လမ်းပြရန် ကူညီပေးမယ်ဆိုတာ ကျွန်တော်ကြေညာပါတယ်။ သင်ဟာမာမွန်ကျမ်းကိုနေ့စဉ်မဖတ်ဘူးဆိုရင် ကျေးဇူးပြုပြီးဖတ်ပါ။ အမှန်ကိုသိဖို့ ရိုးဖြောင့်တဲ့ဆန္ဒဖြင့် ဆုတောင်း၍ဖတ်ရှုလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားထိုအမှန်တရားကိုထင်ရှားစေမည်။ ကျွန်တော်မှန်ကန်တယ်ဆိုတာလေးလေးနက်နက် သက်သေခံပါတယ်။ ထိုအရာမှန်ကန်တယ်ဆိုရင် ဂျိုးဇက်စမစ်ဟာဘုရားသခင်နှင့်သူ၏သားတော် ယေရှုခရစ်တော်ကိုတွေ့မြင်ခဲ့တဲ့ပုရောဖက် တစ်ပါးဖြစ်တယ်။

မာမွန်ကျမ်းကမှန်ကန်သောကြောင့် ယေရှုခရစ်တော်၏နောက်ပိုင်းကာလ သူတော်စင်များ အသင်းတော်ဟာ ကမ္ဘာပေါ်ရှိ ဘုရားသခင်၏အသင်းတော်ဖြစ်ပြီး သူ၏သားသမီးများ၏ကောင်းကြီးနှင့် အကျိုးအတွက် ဘုရားသခင်၏သန့်ရှင်းသောယဇ်ပုရောဟိတ်အခွင့်အာဏာကို ပြန်လည်တည်ထောင်ခဲ့တယ်။

ထိုအရာနှင့်ပတ်သက်၍သင့်မှာခိုင်မာတဲ့သက်သေခံချက်မရှိလျှင် သက်သေခံချက်ရရှိဖို့လိုအပ်တာကို လုပ်ဆောင်ပါ။ အခြားသူများရဲ့သက်သေခံချက်များကသင့်ကိုအတိုင်းအတာတစ်ခုထိသ ၁ ခေါ်ဆောင်သွားမှာဖြစ်လို့ ဒီခက်ခဲတဲ့အချိန်များမှာသင့်ရဲ့ကိုယ်ပိုင်သက်သေခံချက်ရှိရန် သင့်အတွက်မရှိမဖြစ်လိုအပ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ကြိမ်ရရှိပြီးလျှင် သက်သေခံချက်ကို အရေးတကြီးထိန်းသိမ်းရန်လိုအပ်ပြီး ဘုရားသခင်၏ပညတ်တော်များကိုဆက်လက်နာခံမှုအားဖြင့်၊ နေ့စဉ်ဆုတောင်းကာကျမ်းစာလေ့လာခြင်းအားဖြင့် အသက်ရှင်ရန်လိုအပ်တယ်။

ဘုရားရှင်၏အမှုတော်၌ ချစ်သောလုပ်ဖော်ကိုင်ဖက်များခင်ဗျား ကျွန်တော်တို့အယောက်စီတိုင်း မာမွန်ကျမ်းကို ဆုတောင်းခြင်းဖြင့်လေ့လာပြီး နေ့စဉ်တွေးတောဆင်ခြင်ဖို့ ကျွန်တော်အနူးအညွှတ် တောင်းပန်ပါတယ်။ ကျွန်တော်တို့ထိုကဲ့သို့လုပ်ဆောင်လျှင် ဝိညာဉ်တော်၏အသံတော်ကိုကြားရန်၊ ဖြားယောင်းသွေးဆောင်ခြင်းကိုခုခံရန်၊ သံသယနှင့်ကြောက်ရွံ့ခြင်းကိုအောင်မြင်ရန်နှင့် ကျွန်တော်တို့ရဲ့ဘဝမှာ ကောင်းကင်ဘုံ၏အကူအညီကိုရရှိရန် အနေအထားမှာ ကျွန်တော်တို့ရှိလိမ့်မယ်။ ယေရှုခရစ်တော်၏နာမတော်၌ကျွန်တော်စိတ်နှလုံးအကြွင်းမဲ့သက်သေခံပါတယ်။ အာမင်။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ် ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၅ ၀၀၀ အားဘာသာပြန်ထားခြင်း။